
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION




# ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

၂၀၁၈ ခုနှစ် မတ်လ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၁.၂၀၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၂၃.၀၅ နှင့် **အုပ်စုအားလုံးအတွက် ၁၃၉.၅၁** ရှိပါသည်။ **၂၀၁၈ ခုနှစ် ဇန်နဝါရီလ၏** အခြေအနေမှာ ၁၃၉.၃၄ ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ် **ဖေဖော်ဝါရီလ**နှင့် နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၈.၃၆** ဖြစ်ရာ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၏** Core CPI ဖြစ်သည့် **၁၁၇.၆၈** နှင့် နှိုင်းယှဉ်ပါက ၀.၅၈% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၉.၅၁** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ၏** အခြေအနေ **၁၃၂.၇၃** နှင့် နှိုင်းယှဉ်ပါက **၅.၁၁%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၏** Core CPI **မှာ ၁၁၈.၃၆ ဖြစ်ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၏** Core CPI အခြေအနေ **၁၁၂.၈၉** နှင့် နှိုင်းယှဉ်ပါက **၄.၈၅%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၁.၂၀** ဖြစ်သဖြင့် ယခင်လကထက် **၀.၁၄%** ကျဆင်းလာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် နှမ်းဆီ၊ စားအုန်းဆီ၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ကြက်ဥနှင့် ဘဲဥဈေးနှုန်းများ၊ အခြားမီးဖိုချောင်သုံး ကုန်ပစ္စည်းဖြစ်သည့် ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ မန်ကျည်းသီး၊ အချိုမှုန့်၊ သကြား၊ ကြံသကာနှင့် ငရုတ်သီးခြောက် (အရှည်)ဈေးနှုန်းများ ကျဆင်းနေပါသည်။ ထို့ပြင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်သော ငှက်ပျောသီး၊ အုန်းသီး၊ ဗူးသီး၊ ခရမ်းသီး၊ ဂေါ်ဖီနှင့် ခရမ်းချဉ်သီးဈေးနှုန်းများလည်း ကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။


၄။ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food)၏ ဈေးဆနှုန်းမှာ **၁၂၃.၀၅** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၅၉%** မြင့်တက်လျက်ရှိပါ


သည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင်ပါဝင်သော ဓာတ်ဆီ ဈေးနှုန်းတို့မှာ မြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် ဘီယာ၊ ကွမ်းရွက်နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ၊ အမျိုးသမီး/ အမျိုးသားဝတ်လုံချည်များ ၊ ဂျာကင်၊ စပို့ရှပ်၊ အမျိုးသမီးအင်္ကျီချုပ်ခများ၊ သားရေဖိနပ်များ၊ ကုတင်၊ ခြင်ထောင်၊ မော်တော်ကားများ၊ မော်တော်ယာဉ်ထိန်းသိမ်း ပြုပြင်စရိတ်၊ ဘတ်(စ)ကားခ(မြို့တွင်း/ ခရီးဝေး)၊ လှေ/သမ္ဗန်(ပြည်တွင်း)၊ ဆေးဈေးနှုန်း နှင့် ဆေးကုသစရိတ်များ၊ ဗီရို၊ ရေခဲသေတ္တာ၊ တယ်လီဗွီးရှင်းနှင့် စီဒီအခွေများ စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။


၅။ **၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ *၄.၁၆%*** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ *၃.၇၀%*** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၈ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၉ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၁၂ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၂ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၄ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၅၁ ဖြစ်ရာ လွန်ခဲ့သော ဇန်နဝါရီလ အခြေအနေ ၁၃၉.၃၄ နှင့် နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာပါသည်။ အဓိက အားဖြင့် ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုနှင့် ပြင်ပအစားအသောက်အုပ်စုဈေးနှုန်းများ သိသာစွာ မြင့်တက်ခဲ့သော်လည်း၊ ကျန်အုပ်စုဈေးနှုန်းများမှာအနည်းငယ်သာမြင့်တက်ခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၁၆% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အခြေအနေ ၄.၄၀%နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ ဆက်လက်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၁၄% ကျဆင်းလာပါသည်။ ယခုလတွင် မြေပဲဆီ ၀.၉၀% ၊ နှမ်းဆီ ၀.၇၄%၊ ဝက်သား ၁.၁၈%၊ အမဲသား ၁.၅၃ %၊ ငါးခူ ၁.၂၇% နှင့် ရေကျိုငါးပိ ၀.၈၁% ဈေးနှုန်းများ အသီးသီး မြင့်တက်လာသော်လည်း၊ ဧည့်မထဆန် ၀.၅၉% ၊ စားအုန်းဆီ ၀.၇၅%၊ ကြက်ဥ ၁.၉၃%၊ ဘဲဥ ၁.၈၉% ၊ ငါးရံ့ ၀.၅၁%နှင့် ငါးမြစ်ချင်း ၀.၂၈% ဈေးနှုန်းများမှာ အသီးသီးကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲခြမ်း၊ အချိုမှုန့်၊ မန်ကျည်းသီး၊ ငရုတ်သီးခြောက်၊ ပဲနီလေးနှင့် စားတော်ပဲ

ဈေးနှုန်းများ သိသိသာသာကျဆင်းလာပါသည်။ ထို့အပြင် အဖျော်ယမကာပစ္စည်းများဖြစ်သော သကြား၊ ကြံသကာ၊ ထန်းလျက်ဈေးနှုန်း များလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ဟင်းသီးဟင်းရွက်များတွင် ဂေါ်ဖီ၊ ဗူးသီး၊ သခွားသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးဈေးနှုန်းများ၊ အသီးအနှံများဖြစ်သော ငှက်ပျောသီး၊ အုန်းသီးစသည့် ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၆၅.၁၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၆၀.၆၉ ဖြစ်သောကြောင့် ၂.၇၆% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် ဘီယာ၊ ဆေးပေါ့လိပ် နှင့် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၁၈.၄၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၈.၄၁ ဖြစ်သောကြောင့် ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါ ဝင်သော အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ဂျာကင်၊ စပို့ရှပ်၊ အမျိုးသမီးအင်္ကျီချုပ်ခနှင့် ဖိနပ် ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၄၃.၂၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၃.၃၄ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ် ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော သွပ်နှင့် ဒီဇယ်ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၁၇.၀၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၆.၆၃ ဖြစ်သောကြောင့် ဝ.၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုတင်၊ ခြင်ထောင်နှင့် အိမ်အသုံး အဆောင်ပစ္စည်းများဖြစ်သော သင်ဖြူးဖျာ၊ ဖယောင်းပုဆိုး၊ ဗီရို၊ ရေခဲသေတ္တာ၊ ထမင်းပေါင်းအိုး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၃၇.၁၀ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၆.၈၂ ဖြစ်သောကြောင့် ဝ.၂၀% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးရုံ၌ဆေးကုသခ၊ အထွေထွေဆေးကုသခ၊ အားဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၅.၁၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၄.၈၀ ဖြစ်သောကြောင့် ဝ.၃၀% ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါ ဝင်သော ဓာတ်ဆီ တစ်ဂါလံလျှင် ၃၉၄၆.၃၉ ကျပ် မှ ၃၉၈၅.၆၁ ကျပ်သို့ ဈေးနှုန်း မြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်စရိတ်နှင့် ဘတ်(စ်) ကားခ (မြို့တွင်း) နှင့် (ခရီးဝေး) ၊ လှေ/ သမ္ဗန် (ပြည်တွင်း) ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၂.၆၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၆၆ ဖြစ်သောကြောင့် သိသာစွာပြောင်းလဲမှုမရှိပါ၊

ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းနှင့် မိုဘိုင်းခစျေးနှုန်းများမှာ ပြောင်းလဲခဲ့ခြင်းမရှိသောကြောင့်ဖြစ်ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၀၆.၁၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၀၂ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဗွီးရှင်းနှင့် စီဒီတိပ်ခွေ ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်သာ မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၂.၆၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၆၇ ဖြစ်သောကြောင့် ပြောင်းလဲမှု မရှိဘဲ တည်ငြိမ် လျက်ရှိပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ပြောင်းလဲ ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၁.၉၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၈.၈၆ ဖြစ်သောကြောင့် ၂.၆၃% မြင့်တက်လာခဲ့ ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အသုပ်စုံ၊ ကြေးအိုး နှင့် ကွမ်းယာ ဈေးနှုန်း များ မြင့်တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

**(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၄.၉၁ ရှိ၍၊ ယခင် လ၏ ဈေးဆနှုန်းမှာ ၁၂၅.၀၄ ဖြစ်သောကြောင့် ၀.၁၀% ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ခေါင်းလျှော်ရည်၊ လက်ဝတ်ရတနာနှင့် ရွှေထည်ပစ္စည်း ဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ ၁၂၃.၀၅ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၂၂.၃၄ ဖြစ်သောကြောင့် ၀.၅၉% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော ဆေးလိပ်နှင့်အဖျော်ယမကာ အုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စု၊ အပန်းဖြေခြင်း နှင့် ယဉ်ကျေးမှုအုပ်စု နှင့် ပြင်ပအစားအသောက်အုပ်စုဈေးနှုန်းများမှာ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

**အပိုင်း(ခ)**

**၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

၁။ **စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၅၁ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အခြေအနေ ၁၃၉.၃၄ နှင့် နှိုင်းယှဉ်ပါက ၅.၁၁% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၁၆%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ အခြေအနေ **၆.၉၃%** နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၂။ **အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

(က) **အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၄.၀၇% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၆.၈၅% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၂.၂၇%၊ နှမ်းဆီ

၃.၃၀%၊ ဝက်သား ၅.၈၄%၊ အမဲသား ၀.၈၈%၊ ငါးခူ ၃.၇၅%၊ ငါးရံ့ ၀.၇၄%၊ ငါးမြစ်ချင်း ၂.၇၆%၊ ပုစွန်ခြောက် ၆.၁၁%၊ ငါးရံ့ခြောက် ၉.၆၁% နှင့် ရေကျိုငါးပိ ၂.၈၇% ဖြင့်ဈေးနှုန်းများ အသီးသီးမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် စားအုန်းဆီ ၄.၁၈%၊ ကြက်သား ၁.၁၅%၊ ဘဲဥ ၀.၂၄%နှင့် ကြက်ဥ ၅.၉၁% ဖြင့်ဈေးနှုန်းများ အသီးသီးကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖို ချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၃၅.၃၉%၊ ကုလားပဲခြမ်း ၁၀.၈၈%၊ အာလူး ၂၄.၁၇% ဖြင့်သိသိသာသာ ကျဆင်းလာသော်လည်း၊ ကြက်သွန်နီဈေးနှုန်း မှာမူ ၂၇.၀၉% ဖြင့် ယခင်နှစ်ကထက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဟင်းသီးဟင်းရွက်တွင် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၇.၄၇% ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

## (ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၆၅.၁၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၁.၉၉ ဖြစ်သောကြောင့် ၂၅.၁၀% ဖြင့် သိသာ ထင်ရှားစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းသီးနှင့် ကွမ်းရွက် ဈေးနှုန်း များမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

## (ဂ) အဝတ်အထည်အုပ်စု

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၁၈.၄၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၆၈ ဖြစ်သောကြောင့် ၁.၅၅% မြင့်တက်လာ ကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်၊ မိုးကာ နှင့် စက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၄၃.၂၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၄.၇၉ ဖြစ်သောကြောင့် ၆.၂၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ငှားခ၊ အိမ်ပြင်ခ၊ ဂတ်(စ်)ငွေ့၊ ရေခွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၁၇.၀၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၆၇ ဖြစ်သောကြောင့် ၂.၉၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၃၇.၁၀ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၀.၉၁ ဖြစ်သောကြောင့် ၄.၇၂% မြင့်တက်လျက်ရှိပါသည်။ အားဆေးဈေးနှုန်း၊ ဆေးကုသခစရိတ်များနှင့် တိုင်းရင်းဆေးဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၀၅.၁၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၆.၁၄ ဖြစ်သောကြောင့် ၉.၃၂% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၀၅.၉၅ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၈၉၅.၉၂ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၃၉၂.၅၉ကျပ် ရှိရာ မှ ၃၉၈၅.၆၁ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ

(မြို့တွင်း/ခရီးဝေး)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၀၂.၆၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၈၅ ဖြစ်သောကြောင့် ၉.၃၇% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများ၊ တယ်လီဖုန်းခေါ်ဆိုခဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၀၆.၁၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၂၇ ဖြစ်သောကြောင့် ၀.၈၀% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ်နှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၂၂.၆၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၀.၃၅% မြင့်တက်လာခဲ့ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၂၁.၉၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၂၅ ဖြစ်သောကြောင့် ၉.၆၆%ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊

ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၂၄.၉၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၀.၉၅ ဖြစ်သောကြောင့် ၃.၂၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၆.၃၂% ဖြင့် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၌ ၁၂၃.၀၅ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၁၅.၀၃ ဖြစ်သောကြောင့် ၆.၉၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင်ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းများမြင့်တက်နေပြီး၊ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်း အနည်းငယ် ကျဆင်းလျက်ရှိပါသည်။ ဆန်အသစ်စပေါ်ချိန်ဖြစ်၍ ဆန်သစ်ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း၊ ဆန်ဟောင်းဈေးနှုန်းမှာမူ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် ဆန်ဈေးနှုန်းများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဈေးနှုန်းများ မြင့်တက်နေသည်ကို တွေ့ရှိရပြီး၊ အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဈေးနှုန်းများ ကျဆင်းနေကြောင်းတွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာပြီး၊ စားအုန်းဆီဈေးနှုန်းမှာ အနည်းငယ်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၁.၄၈ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၄၀.၆၀ ဖြစ်သဖြင့် ယခင်လကထက် ၀.၁၄% ကျဆင်းနေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ဝက်သား၊ အမဲသား၊ ငါးခူနှင့် ပုစွန်ခြောက်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာပြီး ဘဲဥ၊ ကြက်ဥ၊ ငါးရံ့၊ ငါးမြစ်ချင်းဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက သီးနှံအသစ်ထွက်ပေါ်ချိန် ဖြစ်သောကြောင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် ပြန်လည်ကျဆင်းလာပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိပါသည်။ ဈေးကွက်တွင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုများလာသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ဆက်လက် ကျဆင်းလျက်ရှိပါသည်။ ဆောင်းရာသီ အအေးဓာတ်ပိုခြင်းကြောင့် ကွမ်းအထွက်နည်းသည့်ရာသီဖြစ်ခြင်း၊ ကွမ်းရွက်များတွင် ပျကောင်များ စွဲကပ်နေသဖြင့် ကွမ်းစိုက်ခင်း ပျက်စီးခြင်းများရှိခဲ့ပြီး ကွမ်းဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၅၁၇.၀၅ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၄၀% ကျဆင်းခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၆.၃၂% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၃၀.၁၇ ရှိရာ မှ ၁၃၃၉.၂၅ သို့ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာခဲ့သော်လည်း၊ ပြည်တွင်းငွေလဲလှယ်နှုန်း ကျဆင်းလာသောကြောင့် မြန်မာရွှေဈေးနှုန်းများ ကျဆင်းနေသည်ကို တွေ့ရှိ ရပါသည်။

(စ) ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်တွင်းလောင်စာဆီ ဈေးနှုန်းတွင် ဒီဇယ်ဆီဈေးနှုန်းသည် ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းနေပြီး၊ ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက် မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသောလောင်စာဆီဈေးနှုန်းများမှာ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၀.၅၉ မှ ၇၇.၁၁ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၆.၆၃ မှ ၇၃.၇၄ သို့ လည်းကောင်းအသီးသီး ကျဆင်းနေသော် လည်း ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ဘုရားဖူးခရီးသွားလာသူများပြားလာပြီး လောင်စာဆီ အသုံးပြုမှုများလာခြင်းတို့ကြောင့် ဈေးနှုန်းများမြင့်တက်လာပါသည်။

ထို့အပြင် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအို တံတား များဖျက်ဆီးခံရသဖြင့် ကုန်စည်ပို့ဆောင်ရေးကားနှင့် ဆီသယ်ပို့ယာဉ်များ ဖြတ် သန်းသွားမှု မရသောကြောင့် ၂၀၁၈ခုနှစ်ဇန်နဝါရီလတွင် ပူတာအိုမြို့၌ **ဓာတ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၄၅၀၀ကျပ်ရှိရာမှ ယခုလတွင် ၃၀၀၀ကျပ် သို့လည်းကောင်း၊ ဒီဇယ်ဆီဈေးနှုန်းမှာလည်း ၄၅၀၀ကျပ်မှ ၁၁၀၀၀ ကျပ်အထိ** သိသိသာသာမြင့်တက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတား များ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည် စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်းစသည့် အကြောင်းရင်းများ ကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း


(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၂.၇၃ ရှိရာမှ မတ်လတွင် ၁၃၁.၉၆ သို့ အနည်းငယ် ကျဆင်းလာပြီး၊ ထိုမှတစ်ဖန် ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။

(ခ) ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒန်းများကိုကြည့်လျှင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် နေပြည်တော်တို့တွင် ယခင်လကထက် ကျဆင်းလာသော်လည်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်မြို့များတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတွင်မူအနည်းငယ်သာပြောင်းလဲမှုရှိခဲ့ပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအထိ) ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် ၇.၉၉% ရှိရာမှ မတ်လမှစ၍ ပြန်လည်ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအတွင်းအတက်အကျ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် လအလိုက်တိုးနှုန်းအရှိန်မှာ လျော့နည်းလာခြင်းကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာရခြင်း ဖြစ်ပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အထိ တစ်နှစ်ပျမ်းမျှ ၄.၁၆% ရှိ၍ ဇန်နဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၄.၄၀% နှင့် နှိုင်းယှဉ်ပါက ၀.၂၄% ပြန်လည်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၅.၁၁% ဖြစ်သည့်အတွက် ယခင်လ ကထက် ရာခိုင်နှုန်းအနည်းငယ် ကျဆင်းလာကြောင်း တွေ့ရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၈.၄၆% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ မန္တလေးမြို့တွင် ၆.၈၅%ဖြင့် ဒုတိယအမြင့်ဆုံး၊ ကချင် ပြည်နယ်တွင် ၅.၈၈% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၁.၃၃%ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ချင်းပြည်နယ်တွင် ၁.၂၈% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒနှုန်း** | **၁၀၀.၀၀** | **၁၃၂.၇၃** | **၁၃၉.၃၄** | **၁၃၉.၅၁** | **၀.၁၂** | **၅.၁၁** | **၄.၁၆** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၅.၂၈** | **၁၅၁.၄၂** | **၁၅၁.၂၀** | **-၀.၁၄** | **၄.၀၇** | **၃.၅၆** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၁.၉၉ | ၁၆၀.၆၉ | ၁၆၅.၁၂ | ၂.၇၆ | ၂၅.၁၀ | ၈.၀၂ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၆၈ | ၁၁၈.၄၁ | ၁၁၈.၄၉ | ၀.၀၈ | ၁.၅၅ | ၁.၇၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၄.၇၉ | ၁၄၃.၃၄ | ၁၄၃.၂၅ | -၀.၀၆ | ၆.၂၈ | ၅.၀၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၆၇ | ၁၁၆.၆၃ | ၁၁၇.၀၂ | ၀.၃၃ | ၂.၉၄ | ၁.၉၂ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၉၁ | ၁၃၆.၈၂ | ၁၃၇.၁၀ | ၀.၂၀ | ၄.၇၂ | ၄.၂၅ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၆.၁၄ | ၁၀၄.၈၀ | ၁၀၅.၁၁ | ၀.၃၀ | ၉.၃၂ | ၁၀.၄၃ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၈၅ | ၁၀၂.၆၆ | ၁၀၂.၆၅ | -၀.၀၁ | ၉.၃၇ | ၅.၂၇ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၂၇ | ၁၀၆.၀၂ | ၁၀၆.၁၁ | ၀.၀၉ | ၀.၈၀ | ၀.၇၄ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၂၄ | ၁၂၂.၆၇ | ၁၂၂.၆၇ | ၀.၀၀ | ၀.၃၅ | ၀.၇၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၀.၂၅ | ၁၁၈.၈၆ | ၁၂၀.၉၉ | ၂.၆၃ | ၉.၆၆ | ၄.၃၀ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၀.၉၅ | ၁၂၅.၀၄ | ၁၂၄.၉၁ | -၀.၁၀ | ၃.၂၇ | ၄.၅၇ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၅.၀၃** | **၁၂၂.၃၄** | **၁၂၃.၀၅** | **၀.၅၉** | **၆.၉၈** | **၅.၂၅** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၂.၈၉** | **၁၁၇.၆၈** | **၁၁၈.၃၆** | **၀.၅၈** | ***၄.၈၅** | ***၃.၇၀** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဗယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၈.၃၆ | ၁၄၈.၀၁ | ၁၄၈.၆၁ | ၀.၄၀ | ၇.၄၁ | ၅.၈၈ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၁.၃၈ | ၁၄၅.၆၉ | ၁၄၅.၇၇ | ၀.၀၆ | ၃.၁၁ | ၄.၅၄ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၀.၂၄ | ၁၂၆.၈၅ | ၁၂၆.၇၁ | -၀.၁၁ | ၅.၃၈ | ၃.၈၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၂.၁၇ | ၁၈၄.၃၅ | ၁၈၄.၅၀ | ၀.၀၈ | ၁.၂၈ | ၂.၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၁.၆၂ | ၁၃၆.၅၇ | ၁၃၆.၂၇ | -၀.၂၂ | ၃.၅၃ | ၃.၀၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၉.၄၇ | ၁၂၅.၀၆ | ၁၂၄.၇၅ | -၀.၂၅ | ၄.၄၂ | ၅.၀၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၀.၄၈ | ၁၃၅.၉၆ | ၁၃၅.၅၃ | -၀.၃၁ | ၃.၈၇ | ၃.၉၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၃.၀၃ | ၁၄၁.၀၈ | ၁၄၀.၁၁ | -၀.၆၉ | ၅.၃၂ | ၃.၄၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၉.၄၀ | ၁၃၄.၈၈ | ၁၃၄.၉၇ | ၀.၀၇ | ၄.၃၀ | ၃.၆၈ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၅.၀၅ | ၁၃၀.၃၅ | ၁၂၉.၈၂ | -၀.၄၁ | ၃.၈၁ | ၄.၈၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၇.၈၃ | ၁၇၂.၈၂ | ၁၇၄.၇၂ | ၁.၁၀ | ၁၀.၇၀ | ၈.၄၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၇.၈၆ | ၁၃၁.၉၄ | ၁၃၂.၄၉ | ၀.၄၂ | ၃.၆၂ | ၃.၀၅ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၆၄ | ၁၄၉.၄၇ | ၁၄၉.၉၃ | ၀.၃၁ | ၅.၈၅ | ၄.၈၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၂.၇၆ | ၁၄၀.၆၅ | ၁၄၁.၃၁ | ၀.၄၇ | ၆.၄၄ | ၄.၇၀ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၄.၆၅ | ၁၂၈.၉၉ | ၁၂၈.၈၉ | -၀.၀၈ | ၃.၄၀ | ၀.၈၁ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၄.၄၁ | ၁၃၉.၂၁ | ၁၄၀.၁၂ | ၀.၆၅ | ၄.၂၅ | ၃.၄၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၉.၆၄ | ၁၃၃.၁၈ | ၁၃၃.၂၀ | ၀.၀၁ | ၁၁.၃၃ | ၆.၈၅ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၂.၆၂ | ၁၃၀.၄၃ | ၁၂၉.၈၂ | -၀.၄၇ | ၅.၈၇ | ၃.၃၀ |
| | တစ်နိုင်ငံလုံး | ၁၀၀.၀၀ | ၁၃၂.၇၃ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၀.၁၂ | ၅.၁၁ | ၄.၁၆ |


# ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
# (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (ကျပ်) | ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်း လဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | *၁၃၈၀.၈၁ | ၁၃၇၂.၆၉ | ၁၂၈၄.၇၅ | -၀.၅၉ | ၆.၈၅ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၉၆.၉၀ | ၅၃၄၄.၇၁ | ၅၂၂၅.၉၂ | ၀.၉၀ | ၂.၂၇ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၇၁၅.၅၁ | ၅၇၅၇.၉၈ | ၅၅၇၃.၉၁ | ၀.၇၄ | ၃.၃၀ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၁၉.၇၉ | ၂၁၀၃.၈၄ | ၂၁၉၅.၅၇ | -၀.၇၅ | -၄.၁၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၇၅၁.၉၁ | ၆၇၅၉.၉၂ | ၆၈၃၈.၅၅ | ၀.၁၂ | -၁.၁၅ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၉၀၉.၆၆ | ၉၀၁၄.၆၈ | ၈၅၁၇.၀၁ | ၁.၁၈ | ၅.၈၄ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၄၆၁.၅၄ | ၁၀၆၂၁.၂၃ | ၁၀၅၂၈.၁၇ | ၁.၅၃ | ၀.၈၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၄၂.၂၄ | ၁၆၁၁.၂၁ | ၁၆၁၅.၀၉ | -၁.၈၉ | -၀.၂၄ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၈၉.၄၀ | ၁၁၆၆.၄၀ | ၁၂၃၉.၆၀ | -၁.၉၃ | -၅.၉၁ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၂၉၀.၇၁ | ၇၃၈၃.၉၈ | ၇၁၁၇.၁၃ | ၁.၂၇ | ၃.၇၅ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၆၆၈.၃၉ | ၇၆၂၉.၅၃ | ၇၅၇၃.၅၈ | -၀.၅၁ | ၀.၇၄ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၂၂.၈၇ | ၄၅၁၀.၂၇ | ၄၃၈၉.၂၄ | -၀.၂၈ | ၂.၇၆ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၈၁၅၀.၆၄ | ၂၈၁၉၉.၅၇ | ၂၆၅၇၆.၆၀ | ၀.၁၇ | ၆.၁၁ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၅၇၀.၅၉ | ၂၇၅၇၀.၅၉ | ၂၅၁၅၂.၃၁ | ၀.၀၀ | ၉.၆၁ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၇၇.၄၃ | ၃၂၀၃.၁၀ | ၃၁၁၃.၇၂ | ၀.၈၁ | ၂.၈၇ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၂၉၂.၀၂ | ၁၁၂၁.၈၅ | ၁၃၅၉.၂၄ | -၁၃.၁၇ | -၁၇.၄၇ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၁၀၀.၂၁ | ၂၉၈၂.၅၆ | ၃၃၄၆.၆၅ | -၃.၇၉ | -၁၀.၈၈ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၀၄.၈၄ | ၁၀၇၂.၃၈ | ၁၄၁၄.၂၆ | -၂.၉၄ | -၂၄.၁၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၁၄၀.၀၀ | ၃၈၆၅.၈၅ | ၅၉၈၃.၀၂ | -၆.၆၂ | -၃၅.၃၉ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၈၈၉.၂၀ | ၂၄၈၈.၀၀ | ၁၉၅၇.၆၀ | -၁၃.၈၉ | ၂၇.၀၉ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၇၁၁.၅၂ | ၄၇၁၂.၉၄ | ၄၅၂၄.၁၉ | ၀.၀၃ | ၄.၁၇ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၂၈.၇၁ | ၅၀၃၅.၃၁ | ၅၀၂၇.၀၇ | ၀.၁၃ | ၀.၁၆ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၈၉၀၅၄.၁၃ | ၈၈၅၅၀၇.၀၅ | ၈၃၂၈၄၂.၄၂ | -၀.၄၀ | ၆.၃၂ |
| ၂၄ | ထင်း | | ပိဿာ | ၃၀၅.၆၁ | ၃၀၅.၆၁ | ၂၈၉.၀၃ | ၀.၀၀ | ၅.၇၄ |
| ၂၅ | မီးသွေး | | ။ | ၆၁၁.၁၅ | ၆၁၁.၁၅ | ၅၇၅.၂၄ | ၀.၀၀ | ၆.၂၄ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၄.၄၁ | ၄၀၇.၈၉ | ၃၇၆.၆၂ | ၀.၈၆ | ၈.၃၀ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၂၄.၈၆ | ၁၀၂၅.၄၃ | ၁၀၀၇.၁၄ | ၀.၀၆ | ၁.၈၂ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၈၉၈.၈၃ | ၃၈၉၅.၉၂ | ၃၃၀၅.၉၅ | -၀.၀၇ | ၁၇.၈၅ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၉၄၆.၃၉ | ၃၉၈၅.၆၁ | ၃၃၉၂.၅၉ | ၀.၉၉ | ၁၇.၄၈ |


* ဆန်သစ်နှင့် ဆန်ဟောင်းဈေးနှုန်းများကို ပျမ်းမျှရှာထားခြင်းဖြစ်ပါသည်။

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | | ၂၀၁၈ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | | ၂၀၁၈ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၇ | ၄.၈၅ |